
ဇော်ဝင်းလှိုင်
လောကသုံးပါးသခင်
စာစဉ် -(၁)

ကောင်းကင်ဘုံ အင်ပါယာရဲ့ သားတော် နတ်ဘုရားငယ် တစ်ပါးဟာ မမျှော်လင့်ဘဲ မြင့်မြတ်တဲ့ အမျိုးနွယ်ဝင် ခပ်ဆိုးဆိုး ကောင်စုတ်လေး တစ်ယောက်ရဲ့ ခန္ဓာကိုယ်မှာ အသစ်တစ်ဖန် ပြန်လည် မွေးဖွားခဲ့ပါတယ်။ ပြိုင်ဘက် အားလုံးကို အပြတ်အသတ် အနိုင်ယူခဲ့ပြီး ဘယ်တစ်ဦး တစ်ယောက်ကမှ သူ့ရှေ့မှာ ပါရမီရှင် တစ်ယောက်လို ရပ်တည်ဖို့ အခွင့်အရေး မရှိကြဘူး။ လောကကြီးရဲ့ အကြောင်းကို ကောင်းကင်ဘုံရဲ့ သားတော်လောက် ဘယ်သူ ကများ ပိုပြီး သိနိုင်ပါမလဲလေ။

"ပါရမီရှင် ဟုတ်လား အသုံးမကျတဲ့ စကားလုံးပဲ"

"ငါ့နာမည် ဂျန်ချန်"

"သေခြင်း နဲ့ ရှင်ခြင်း ကို ငါ ဆုံး ဖြတ် မယ်"

... ။

ဒီလိုနဲ့

ဇာတ်လမ်းက အစပြုခဲ့ပါ တယ်

***

## Chapter1

ကောင်းကင်ဘုံ အင်ပါယာသားတော် ပြန်လည်မွေးဖွားခြင်း

ဂျန်ချန် ခေါင်းတွေကိုက်ခဲ မူးဝေနေပြီး အိပ်မက်လိုလို ခံစားနေရပါတယ်။ သူ့ခန္ဓာကိုယ် တစ်ခုလုံးကလည်း ဝေဒနာကို ပြင်းပြင်းထန်ထန် သိရှိနားလည် ကျိန်းစပ် နေရသည့်နှယ်ပါ။

"ဘာတွေ ဖြစ်နေတာလဲ ။ ငါ သေသွားပြီလား"

သူ့ကိုယ်သူ သိနေတာကတော့ သူဟာသေခဲ့ပြီးပါပြီ။ ဒါပေမဲ့ သူအသက်ရှုလို့ နေတာကိုတော့ သေချာခံစား မိနေပါတယ်။ မျက်လုံးကို အတတ်နိုင်ဆုံး ကြိုးစားဖွင့်လိုက်ပြီး တဖြည်းဖြည်းနဲ့ သူမြင်လိုက်ရတာက အခေါင်းတစ်လုံးရဲ့ မျက်နှာပြင်ကိုပါ။

"ငါ ငါ အခေါင်းထဲမှာ ပဲ... ဒါဆို ငါသေသွား ခဲ့တာပေ့ါ"

သူ့ စိတ်ဓာတ်တွေ ဟိုးအောက်ဆုံးထိ ကျသွားရပါတယ်။ သူဟာ ယင်ဖွဲ့စည်းပုံနဲ့ မွေးဖွားလာတာ ဖြစ်တဲ့ အတွက်ကြောင့် သိုင်းပညာကို သင်ကြားလို့ မရခဲ့ပါဘူး။

"ငါ့အဖေက ထာဝရ အသက်ကိုပေးတဲ့ နေလဆေးကို ဖော်စပ်တိုက်ကျွေး ခဲ့တာတောင်မှ ချီးထုတ်ကပ်ဘေးကြောင့်...ဟင်"

သူရုတ်တရက် သူ့ခန္ဓာကိုယ်မှာ တစ်ခုခု ပြောင်းလဲနေတာကို ခံစားမိလိုက်ပါတယ်။ သူ့ကိုယ်သူ မိန်းမများ ဖြစ်သွားလို့ လားလို့ သံသယ ဝင်မလိုက်ရင်း တစ်ချက် စစ်ကြည့်လိုက် မိတာမှာ တော့။

"ငါ့ကိုယ်ထဲ ချီဓာတ် တစ်ခုပြေးနေပါလား။ ဒါကအတော်လေးကို အားနည်းတာပဲ"

"ဟမ် နေပါဦး ဒါ ဒါ ငါ့ ခန္ဓာကိုယ်မှ မဟုတ်တာ"

တစ်ချိန်တည်းမှာ ပဲ အခေါင်းထဲက လဲလျောင်းနေတဲ့ ခန္ဓာကိုယ်ဟာ သူ မဟုတ်ဘူး ဆိုတာကို ပထမဆုံးအကြိမ် သတိထား မိသွားပါတယ်။ ဘာတွေလဲ၊ သူ လိပ်ပြာလွင့်လုမတတ် လန့်သွားပြီး ချွေးစေးတွေ ထွက်လာပါတယ်။

ဒါဆိုမေးစရာက ဘယ်သူကြီးလဲ။ ထူးဆန်းစွာပဲ မှတ်ဉာဏ် တချို့ သူ့ခေါင်းထဲကို ဝင်လာပါတယ်။ ဒီခန္ဓာကိုယ်ရဲ့ အရင်ပိုင်ရှင် နာမည်က လည်း ဂျန်ချန်ပါပဲ။ အရှေ့ပိုင်း နိုင်ငံရဲ့ ဂျန်ဟန်ပြည်နယ်မြို့စား သား တော် တစ်ပါးပါ။

"နာမည်ကတော့ တူတယ်။ သူက ငါမဟုတ်တာခက်တယ်၊ ဘာတွေဖြစ်နေတာလဲ"

ဂျန်ချန် ခေါင်းတစ်ခုလုံး မေးခွန်းတွေနဲ့ ပြည့်နှက်နေပါပြီ။

"ငါသာတကယ် ကပ်ဘေးထဲမှာ သေခဲ့တာဆိုရင် အခုပြန်မွေးဖွား လာတာက တကယ့်ကို ဒဏ္ဍာရီတစ်ခုပဲ"

ကပ်ဘေးဟာ ကောင်းကင်ဘုံ တစ်ခုလုံး လုံးဝပြိုကွဲ ပျက်စီးသွားစေ ခဲ့တဲ့ အတွက် လူပြန်ဝင်စားဖို့ ကလည်း မဖြစ်နိုင်တော့ပါဘူး။ သူတွေးရ င်း သေချာသိလာတာ တစ်ခုကတော့ တကယ့်ကို ပြန်လည် မွေးဖွားခဲ့ တာပါ။

"ငါအရင် ဘဝတုန်းက ယင်ခန္ဓာကိုယ် ဖွဲ့စည်းပုံကြောင့် ဘာကိုမှ ကျင့်ကြံလို့ မရခဲ့တဲ့ အမိုက်သာသာ ကောင်ပဲ ဖြစ်ခဲ့တာမို့ ကပ်ဘေး ကျလာတဲ့ အခါ လေထဲမျောပါသွားတဲ့ ဖုန်မှုန့်လေးလို ပျက်စီးခဲ့ရတယ်"

ဒါပေမဲ့ သူဟာ နှစ်မီလီယံ ပေါင်းများ စွာ ရှင်သန်ခဲ့ ရတဲ့ အတွက် မှတ်ဉာဏ်နဲ့ စဉ်းစား ဆင်ခြင်နိုင်စွမ်းက နှိုင်းဆလို့ မရအောင်ကို ကြီးမား

ကျယ်ပြန့်လွန်း လှပါတယ်။ သူဒီလို ရှင်သန်နေနိုင်အောင် ငွေကြေးနဲ့ စွန့်လွှတ်မှုတွေ အများကြီး ပေးဆပ်ပြီး ဆေးဖော်စပ်ခဲ့တဲ့ သူ့အဖေရဲ့ မေတ္တာထုကို ခံစားပြီး မျက်ရည်ဝဲ လာပါတယ်။ ခုလို ပြန်လည် မွေးဖွား လာတာက ကံကြမ္မာရဲ့ ဒုတိယအကြိမ် မျက်နှာသာ ပေးခြင်းဆိုတာကို သူ ကောင်းကောင်း ကြီး သဘောပေါက်တာပေ့ါ။

"ငါကောင်းကင်ဘုံ မှာ တုန်းက တင်းလန် စာကြည့်တိုက်မှာ နှစ်သန်းပေါင်း မရေတွက်နိုင်အောင် နေထိုင်ခဲ့တယ်။ လေ့ကျင့်ရေး နည်းလမ်းတွေ အများကြီးကို မှတ်သား သိရှိခဲ့ရပြီး ယင်ခန္ဓာကိုယ် ဖွဲ့စည်းပုံကြောင့် ဘာမှ လေ့ကျင့်လို့ မရခဲ့ဘူး၊ ဒါပေမဲ့ အဖေ့ရဲ့ နေလ မော်ဆေးရည်ကြောင့် နှစ်ပေါင်းများ စွာ ရှင်သန်ခဲ့ရပြီး ထင်ရှားခဲ့ရတယ်။ အခု ငါပြန်လည် မွေးဖွား လာပြီးတဲ့ နောက်မှာ တော့ လေ့ကျင့်နိုင်တဲ့ ခန္ဓာကိုယ်ကို ရထားပြီပဲ။ ဘာလို့ စိတ်ဓာတ် ကျနေရမှာ လဲ"

အခု သူနေနေတဲ့ ခန္ဓာကိုယ်ပိုင်ရှင် ဂျန်ချန်ရဲ့ မဖြစ်စလောက် ချီစွမ်းအင် လေးကတောင် သူ့အတွက် ကျင့်ကြံဖို့ လမ်းစကြီး တစ်ခုဖြစ်လို့ နေပါတယ်။ ပြောချင်တာကတော့ အရင်ဘဝတုန်းက သူဟာ နဂါးတွေ ဒဏ္ဍာရီလာ ဖီးနစ်ငှက်တွေလို ကြီးမြတ်တဲ့ ဘဝကို ပိုင်ဆိုင်ခဲ့ပေမဲ့ အသုံးမကျတဲ့ အမှိုက်လို ခံစားခဲ့ရပါတယ်။ အခုဘဝမှာ တော့ ပုရွက်ဆိတ် သာသာဆိုပေမဲ့ ကျင့်ကြံနိုင်တယ် ဆိုတဲ့ စကားလုံး တစ်ခုနဲ့ တင် ပြည့်စုံနေပြီ ဖြစ်ပါတယ်။

လေ့ကျင့်ခြင်း လမ်းစဉ်ကတော့ အကန့်အသတ်တွေ မရှိပါဘူး လုပ်နိုင်ရင် လုပ်နိုင်သလောက် လုံးဝကို စွမ်းအား ကြီးနိုင်ပါတယ်။ ကောင်းကင်ဘုံရဲ့ သားတော်၊ တင်းလန်ရဲ့ စာကြည့်တိုက်မှူး အဖြစ် နှစ်ပေါင်းများ စွာ လေ့လာခဲ့တဲ့ ဂျန်ချန် အနေနဲ့ သူဟာ သက်ရှိ စွယ်စုံ

ကျမ်း တစ်ခုဟု ဆိုရရင် မလွန်ဘူး မဟုတ်လား။

သူ့အရင်ဘဝမှာ ကျင့်ကြံခြင်း မလုပ်ဆောင်နိုင်ပေမဲ့ တပည့်ပေါင်းများ စွာပေါ်မှာ စမ်းသပ် လေ့ကျင့်စေပြီး သီအိုရီပေါင်းများ စွာ ထုတ်ဖော်ခဲ့တာဟာ ရေတွက်လို့ တောင် မရနိုင်သလောက် ရှိခဲ့ပါတယ်။

"အခွင့်အရေး အခွင့်အရေး"

ခေါင်းထဲမှာ ဒီစကားလုံးတွေကို မြည်ဟည်းလို့ နေရင်း။ သူ့တစ်ကိုယ်လုံး စိတ်လှုပ်ရှားလွန်းလို့ တုန်ယင်နေပါပြီ။ မြို့စားရဲ့ သား ဂျန်ချန်ရဲ့ ကိုယ်မှာ ကောင်းကင် အင်ပါယာရဲ့ သားတော်အနေနဲ့ မှတ်ဉာဏ်တွေ မပျက်စီးပဲ ပြန်လည် မွေးဖွားလာခဲ့တာဟာ ဟိုးအရင် သူ့တပည့်တွေ အပေါ်မှာ လက်တွေ့ စမ်းသပ်လာခဲ့တဲ့ စမ်းသပ်ချက်တွေ အသက်ဝင်လာဖို့ ဖြစ်လာတာပါပဲ။

"ဒါ တကယ့်ကို အခွင့်အရေးပဲ"

ဂျန်ချန် တွေးနေဆဲမှာ ပဲ တစ်ခုခုကို ထိုးကော်ဖွင့်နေသံ ကြားလိုက်ရပါတယ်။

"ခ လပ်"

"ဂျန်ရင်း အဲဒီကိစ္စကို စုံစမ်း။ ငွေကုန်ချင် သလောက် ကုန်ပါစေ"

ဂျန်ဟန်မြို့စား ဂျန်ဖန်းက ဒေါသတကြီး ပြောလိုက်ပါတယ်။

"ဟုတ်ကဲ့ ကျွန်တော်တို့ မှာ အစောထဲက သဲလွန်စတွေ ရထားပြီးပါပြီ"

တစ်ကိုယ်လုံး အနက်ရောင် ဝတ်ဆင်ထားတဲ့ ဂျန်ရင်းက လေးလေးစားစား ပြန်ပြောပါတယ်။

"သခင်လေးက လေ့ကျင့်တဲ့ နေရာမှာ ဝီရိယ မထားပေမဲ့ စစ်မှန်သော ချီနယ်ပယ်က ဖိုက်တာ တစ်ယောက်ပါ။ အဲ့အတွက် သူ့တစ်ကိုယ်လုံးကို လုံးဝထိန်းချုပ် နိုင်ပါတယ်။ ဒီလိုအရေးကြီးတဲ့ အချိန်မျိုးမှာ သူစိတ်လွတ် ကိုယ်လွတ် ဖြစ်သွားမှာ မဟုတ်တာ အသေအချာပဲ"

"ဒါဆို ကောင်းကင်ဘုံကို ပူဇော်ခြင်း အခမ်းအနားမှာ ဂျန်အာလေးကို အခက်တွေ့အောင် လုပ်တာရဲ့ နောက်ကွယ်မှာ တစ်ယောက်ယောက် ရှိတာသေချာပြီပေါ့"

ဂျန်ဖန်းရဲ့ အသံက အန္တရာယ် မှတ်ကိုတောင် ရောက်လာပါတယ်။

"သခင်လေးက မနက်စာကို ဆောင်းဦးကြိုးကြာ စားသောက်ဆိုင်မှ သူငယ်ချင်းတွေနဲ့ စားသောက်ခဲ့တာကို စုံစမ်း ရရှိခဲ့ပေမဲ့ ဘာသဲလွန်စကိုမှ ရှာဖွေ မတွေ့ခဲ့ပါဘူး။ ဒါပေမဲ့ သခင်လေးရဲ့ ကိုယ်မှာ သုံးခါ ရယ်မောမှုန့် ကို တွေ့ခဲ့ရပါတယ်"

"သုံးခါ ရယ်မောမှုန့်"

ဂျန်ဖန်းရဲ့ မျက်နှာ မည်းမှောင် လာပါတယ်။ သုံးခါ ရယ်မောမှုန့်ကို သူသိတာပေ့ါ။ အဲ့အမှုန့်က ဘာဘေးထွက် ဆိုးကျိုးမှ မရှိဘူးလို့ ပြောနိုင်ပေမဲ့ ကိုယ်ခန္ဓာမှာ ရှိတဲ့ ချီကိုယ်ခန္ဓာ အနံ့ကနေ အပြင်ကို ထုတ်ပေးပါတယ်။

သူ့သားရဲ့ ဆိုးဝါးလှတဲ့ ဓာတ်ငွေ့ ပေါက်ကွဲမှုကြီးက တခြားဖြစ်နိုင်စရာ မရှိတော့ ဒီသုံးခါ ရယ်မောမှုန့် ကြောင့်ပဲ ဖြစ်ရမယ်လို့ ဂျန်ဖန်း တထစ်ချ တွေးတောမိ လိုက်ပါတယ်။

"ဒါတိုက်ဆိုင်မှု မဟုတ်တော့ဘူး လုပ်ကြံမှု ဖြစ်သွားပြီကွ"

ဂျန်ဖန်း အလျင်စလိုပဲ ကောက်ချက်ချ လိုက်ပါတယ်။

"သခင်ကြီး ဒါကတော့ သခင်လေးနဲ့ မနက်စာ စားခဲ့ကြတဲ့ သူတွေ စာရင်းပါ။ ဒါပေမဲ့ သူတို့ အားလုံးက တခြားမြို့စား သားတော်တွေ ဖြစ်ပါတယ်။ အဲ့အတွက် ဘယ်သူ ချောက်ချတာလဲ ဆိုတာကိုတော့ ကိုင်တွယ်ရ ခက်လိမ့်မယ်လို့ ထင်ပါတယ်"

"သွား... ခုချက်ချင်း သွားစစ်ဆေးစမ်း၊ ငါ့ရဲ့ မြို့စား နေရာကို ဆုံးရှုံးရရင်တောင် အိုကွာ ငါ့တစ်ကိုယ်လုံးကို တစ်စစီ ဖျက်ဆီးပစ် ခံရမယ် ဆိုရင်တောင် ငါ့သား အသတ်ခံရတဲ့ ကိစ္စမှာ ငြိမ်ငြိမ်လေး ထိုင်မနေ နိုင်ဘူးကွ"

ဂျန်မိသားစု အဆက်ဆက်ဟာ သစ္စာရှိခဲ့ ကြပါတယ်။ အရှေ့စီရင်စု နိုင်ငံ တော်ဝင်မိသားစုအတွက် မျိုးဆက်တိုင်း နိုင်ငံပိုင်မြေကို ကာကွယ်ရေးတွေနဲ့ စစ်ပွဲတွေမှာ အားသွန်ခွန်စိုက် ကြိုးပမ်း တိုက်ခိုက် ခဲ့ကြပါတယ်။ ဒါပေမဲ့ ခုတော့ ဆုလာဘ် အနေနဲ့ သူ့သားကို ကြိမ်လုံးနဲ့ သေတဲ့ အထိ ရိုက်သတ် ခံလိုက်ရတာပါပဲ အဖတ်တင် ခဲ့ပါတယ်။

ကိုယ့်အရှင်သခင်က မကြင်နာမှ တော့ ကိုယ့်အနေနဲ့ သစ္စာရှိနေစရာ မလိုတော့ဘူးလို့ သူစတင်တွေးတောမိ လာပါပြီ။ အရှေ့စီရင်စု နိုင်ငံဘုရင်က သတ်စေအမိန့်ကို အေးစက်စက် ပေးလိုက်တဲ့ အချိန်မှာ ပဲ ဂျန်ဖန်း ပေါက်ကွဲလု မီးတောင်တစ်ခုလို ခံစားခဲ့ ရပါတယ်။ ဒါပေမဲ့ သူ့သား အခေါင်းထဲ ရောက်တဲ့ ထိ ကြိမ်လုံးနဲ့ အသေအရိုက်ခံ နေရတာကို နာကြည်းစွာနဲ့ ပဲ ကြည့်နေခဲ့ ရပါတယ်။

သတ်မိန့်ပေးလိုက်တဲ့ စကားကို ကြားကြားချင်း ဂျန်ဟန် ပြည်နယ်ကိုပြန်ပြီး တပ်သား ၁၀ သိန်းကျော်ခေါ် မြို့တော်ကို သွေးပင်လယ်ဝေစေရမယ်လို့ တွေးခဲ့မိ ပါသေးတယ်။ ဂျန်ဖန်းနဲ့ ဂျန်ရင်းတို့ ပြောဆိုနေတဲ့ အချိန်မှာ ပဲ ဂျန်ချန်အနေနဲ့ သူ့ကိုယ်မှာ ရှိနေတဲ့ မှတ်ဉာဏ် ဟောင်း

တွေကို စုစည်းမိ သွားပြီး ဘာတွေ ဖြစ်ခဲ့တယ် ဆိုတာကို သိရှိသွားပါပြီ။

အရင် ဂျန်ချန်က ကောင်းကင်ဘုံကို ပူဇော်ခြင်း အခမ်းအနားမှာ လေလည်(အီးပေါက်) ခဲ့တဲ့ အတွက် ကံဆိုးစွာပဲ ကြိမ်နဲ့ မသေမချင်း ရိုက်သတ်စေ အမိန့်ပေး ခံခဲ့ရတာပါ။

ဒီအခမ်းအနားကို နိုင်ငံရဲ့ အထင်ရှားဆုံး ဘုရားကျောင်း ကြီးထဲမှာ ကျင်းပခဲ့ပြီး ဘုရင်နဲ့ တခြား မြင့်မြတ်တဲ့ မျိုးနွယ် (၁၀၈)ဦး တက်ရောက်ခဲ့ကြပြီး… ဘုရင့်ရဲ့ ချစ်သမီးလေး အတွက် ဆုတောင်းကြပါတယ်။ ပွဲတော် မကျင်းပခင်မှာ အသား/ငါး စားတာကို ရှောင်ရှားခြင်း၊ ရေချိုးသန့်စင်ခြင်း၊ အဝတ်အစား သန့်သန့်ဝတ်ဆင်ခြင်း၊ အမွှေးနံ့သာများ ပူဇော်ခြင်း၊ ကောင်းကင်ဘုံကို ခြွင်းချက်မရှိ ယုံကြည်ခြင်းစတဲ့ အကြောင်းအရာတွေကို ကြိုတင် လုပ်ကြရတယ်။

ဒါမှ သာ ကောင်းကင်က ကောင်းချီး ပေးမှာ လို့ ယုံကြည် ကြပါတယ်။

အရာအားလုံးဟာ အစပိုင်းမှာ ကောင်းမွန်စွာ ဖြတ်သန်း နေခဲ့ပါတယ်။ ဘုရင်နဲ့ တက်ရောက် လာသူတွေ ဆုတောင်းပွဲ ပြုလုပ်တဲ့ အချိန်မှာပဲ ဂျန်ချန်က နားစည် ကွဲလောက်တဲ့ အသံကြီးနဲ့ အီးပေါက် လိုက်တာ ဖြစ်ပါတယ်။

စတင်ဝတ်ပြု ဆုတောင်းနေတဲ့ အချိန်က ဘယ်လောက် အရေးကြီးလဲဆိုတာ လူတိုင်းသိပါတယ်။ ဝတ်ပြုဆုတောင်း နေစဉ်မှာ လူအားလုံး တိတ်ဆိတ် ငြိမ်သက်စွာ နေရပြီး ကောင်းကင်ဘုံနဲ့ နတ်ဘုရားတွေကို စိတ်နဲ့ မှန်းကာ ဆက်သွယ်ရတာ ဖြစ်ပါတယ်။ ဂျန်ချန်ရဲ့ အီးပေါက်သံဟာ အရမ်းကို ကျယ်လောင် ခဲ့ခြင်းဖြစ်ပြီး အနံ့အသက်ကလည်း ဆိုးရွားလွန်း လှပါတယ်။ သာမန် အချိန်မျိုးမှာ တော့ ဒီလိုကိစ္စလေးက

အေးဆေးစွာပဲ ပြီးသွားနိုင်ပါတယ်။ ဒါပေမဲ့ အခုက ကောင်းကင်ဘုံကို ပူဇော်ပွဲလေ။ ပြီးတော့ သူက အီးကြောရှည်ရှည် ပေါက်ချလိုက်ခြင်း ဖြစ်တဲ့ အပြင် အနံ့အသက်ကလည်း မိုင်တစ်ထောင် လောက်တောင် ပျံ့နှံ့ကပ်ဆိုက်ကုန် လောက်အောင်ကို ဆိုးရွားလွန်းတာကြောင့် နတ်ဘုရားတွေကို မရိုသေရာ ကျနေတာပေ့ါ။

အားလုံးက ရုတ်တရက်မို့ ဘာလုပ်ရမှန်း မသိအောင် ကြောင်တက်တက် ဖြစ်သွားကြ ရှာပါတယ်။ သိပ်မကြာလိုက်ပဲ အီးနံ့ကြောင့် အရင်ဆုံး သတိဝင်လာတဲ့ မြင့်မြတ်သော ဘုန်းတော်ကြီးကနေပဲ စတင်ပြီး ကျယ်လောင်စွာ အော်ဟစ် ကျိန်ဆဲ ပါတော့တယ်။

"ခွေးကောင် ငါတို့ ဝတ်ပြု ဆုတောင်းပွဲရဲ့ အရေးကြီးတဲ့ အချိန်ရောက် နေကာမှ အီးပေါက်ပြီး ဖျက်ဆီးပစ်တယ် ပေ့ါလေ။ နတ်ဘုရားတွေကို ဒေါသထွက် စေတာလား"

အဲ့ချိန်မှာ ပဲ ဘုရင်က သူချစ်ရတဲ့ သမီးတော်လေး အတွက်အရမ်းကို ဒေါသထွက် သွားရင်း။

"အစောင့်တွေ လာစမ်း၊ အဲ့အကောင်ကို ဆွဲခေါ်ပြီး ကြိမ်နဲ့ သေတဲ့ အထိရိုက်။ ပြီးရင် မြို့တံတိုင်းမှာ ချိတ်ပြီး လင်းတနဲ့ တခြားအပုပ် စားကောင်တွေ စားပစေ။ ကြားလား"

လို့ အမိန့်ပေး လိုက်ပါတော့တယ်။

အကယ်၍ သာ မြင့်မြတ်တဲ့ မျိုးနွယ်ဝင် တချို့က ဒါဟာ ရက်စက်ကြမ်းကြုတ်ပြီး ဂုဏ်သိက္ခာကို ထိခိုက်စေတဲ့ အပြုအမူ ဖြစ်တဲ့ အတွက် ဘုရင့်ရဲ့ ကံကြမ္မာကိုပါ ပြောင်းလဲ စေနိုင်ကြောင်း မပြောခဲ့ရင် ဂျန်ချန်ရဲ့ ပေစုတ်စုတ် ခန္ဓာကိုယ်ဟာ အကောင်းတိုင်း ကျန်ဖို့ ဖြစ်နိုင်မှာ မဟုတ်ပါဘူး။

***